# မြန်မာပြန်သူ၏အမှာစကား

ကျွန်မသိသော အမေရိကန်စာရေးဆရာမ ဒယ်နီရယ်စတီးလ်သည် မြန်မာစာဖတ်ပရိသတ်နှင့် မစိမ်း။ ဘာသာပြန် စာရေးဆရာကြီးများသည် မြန်မာဘာသာသို့ပြန်ဆိုရေးသားခဲ့ကြပြီး အများအပြား ထုတ်ဝေခဲ့ကြသည်။ မြန်မာစာဖတ်ပရိသတ်တို့ ကြိုက်နှစ်သက်စွာ ဖတ်ဖူးခဲ့ကြသည်။ ဒယ်နီရယ်စတီးလ်သည် ဟန်မူရာကျော့မော့သည့် အမျိုးသမီးပီပီ၊ သူရေးသည့် စာအုပ်တိုင်းလိုလိုသည် အမျိုးသမီးများဘက်မှ အလေးသာပြီး ရေးဖွဲ့လေ့ရှိသည်။

**"ချစ်မက်မပြေ"** စာအုပ်သည် ထက်မြက်လှသည့် မုဆိုးမတစ်ယောက်၏ မမေ့နိုင်စရာကောင်းလှသည့် ဘဝခရီးကို ဖွဲ့နွဲ့ရေးသားထားခြင်းဖြစ်သည်။

ရောမ၌ အီဇာဘယ်လာနှင့် ခင်ပွန်းသည် အေမာဒီယိုတို့သည် ဥရောပ ဖက်ရှင်လောက၏ ဇန်ဂရီဂျီရီရီ ဖက်ရှင်စံအိမ်ကြီးကို ဖန်တီးခဲ့ကြသည်။ လှပကျော့ရှင်းသည့်ကိုယ်နေဟန်၊ သွက်လက်ထက်မြက်လှသည့် စွန့်ဦးတီထွင်စိတ် အပြည့်ရှိသည့် စီးပွားရေးလုပ်ငန်းရှင် မိန်းမတစ်ယောက်သည် ချစ်လှစွာသော ခင်ပွန်းသည်နှင့်အတူ ဖက်ရှင်လောက၏ သရဖူဆောင်းထားသည်။ တစ်နေ့တွင် အေမာဒီယိုသည် အကြမ်းဖက်သမားအုပ်စု၏ ပြန်ပေးဆွဲလုပ်ကြံခြင်း ခံလိုက်ရသည်။ အီဇာဘယ်လာ၏ တော်ဝင်ဆန်လှသည့် အလုတရားနှင့် ဘဝသည် ဇောက်ထိုးမိုးမျှော် ကံဆိုးမိုးမှောင်ကျလာခဲ့သည်။ ရေစီးတစ်ခါ ရေသာတစ်လှည့်၊ မုန်ကင်းတစ်လှည့် ထင်းတစ်လှည့်၊ ဆင်းရဲတစ်ခါ ချမ်းသာတစ်လှည့်၊



သစ်ငုတ်မြင့်တုံ မြက်မြင့်တုံဟူသည့် ဆိုရိုးအတိုင်း လူ့လောကကြီးဝယ် လူသားတို့သည် တစ်ရံတစ်ခါတော့ ချမ်းသာ၍ စည်းစိမ်ကြီးတွေနှင့် ရှုမငြီးအောင် ပျော်ပါးကြရသည်။ တစ်ခါတစ်ရံကျပြန်တော့လည်း ဒုက္ခပင်လယ်ဝေကြီးထဲမှာ ကျရောက်ပြီး အစမသတ်နိုင်လောက်အောင် ဆင်းရဲကြရသည် မဟုတ်ပါလော။ လောကသည် မမြဲခြင်းတရားဖြင့် ဖောက်လွဲဖောက်ပြန်သဘော ရှိတတ်ပေသည်။

အီဇာဘယ်လာ၏ ဘဝသည်လည်း ထိုကဲ့သို့ပင်။ ချမ်းသာကြွယ်ဝခြင်း အသိုက်အမြုံလေးတွင် အောင်မြင်ကျော်ကြားခြင်းသည် ကံဆိုးမှုကို လက်ယပ်ခေါ်ယူလာခဲ့ခြင်း။ လူလိမ်၊ လူကောက်၊ လူယုတ်မာတို့၏ မျက်စိကျစရာ ဖြစ်လာခဲ့သည်။ ထိုချမ်းသာခြင်းသုခမှသည် ဆင်းရဲခြင်းအလုံးစုံကို ဖြစ်စေခဲ့သည်။ ထင်ပေါ်ကျော်ကြား၊ ငယ်ရွယ်နုနယ်သည့် မိန်းမသားတစ်ယောက်၏ ဘဝသည် တယိမ်းတယိုင် ဖြစ်သွားခဲ့ရသည်။ ခိုကိုးရာမဲ့ခဲ့ရသည်။ ပူပူနွေးနွေး မုဆိုးမလေးသည် သားငယ်၏လက်ကို ဆွဲ၍ ဆင်းရဲခြင်းဖြစ်သည့်ရောမမှ မျှော်လင့်ခြင်း ရောင်ခြည်ရှိရာ နယူးယောက်သို့ တိတ်တဆိတ် ထွက်ပြေးလာခဲ့သည်။ တစ်နည်းဆိုရသော် ရောမဖက်ရှင်လောကကို စွန့်ခွာထွက်ပြေး၍ ငှက်ကလေးတစ်ကောင်ကဲ့သို့ နယူးယောက် လှောင်အိမ်ထဲ၌ ပုန်းခိုနေသည်။ ရွှေလှောင်ချိုင့်ထဲတွင် ဝှက်ထားသော်လည်း အားအင်ချိနဲ့လွန်းသည့် ငှက်ကလေး၏ အလှတရားကို မကွယ်ဝှက်ထားနိုင်။ ထိုအလှတရားကြောင့် အီဇာဘယ်လာသည် သေသူလော၊ ရှင်သူလော။ ထက်မြက်လှသည့် ပင်ကိုအရည်အသွေးကြောင့် သူ့ဘဝသည် ပြန်လည်၍ ရှင်သန်နိုးထလာခဲ့သည်။ အမှန်တရားနှင့်အတူ အချစ်သစ်တစ်ခု ပြန်လည် မွေးဖွားလာခဲ့သည်။

❄

နောက်တစ်နေ့မနက် အိပ်ရာမှ နိုးထလာပြီးသည့်နောက် သူသည် အတွေးများကြောင့် ပြောင်းဆန်သွားသည်။ မနေ့ညက ဘာတွေ လုပ်နေခဲ့သနည်းဟု စဉ်းစားကြည့်သည်။ သူ့ကိုယ်ကျင့်တရားအတွက် တုန်လှုပ်ချောက်ချားနေမိတော့သည်။ သူသည် မုဆိုးမတစ်ယောက်။ သို့ပေမင့် နှလုံးသားထဲတွင် လက်ထပ်ထားသည့် အိမ်ထောင်ရှင်မိန်းမတစ်ယောက်၏ စိတ်မျိုးရှိနေသည်။ ဟင့်အင်း။ ဒါက အမှန် မဟုတ်ဘူး။ ညကဘာတွေ ဖြစ်နေခဲ့သနည်း။ သူက စတင်ပြီး ရေလာမြောင်းပေးမျက်နှာကလေး ချိုတိုတို၊ အမူပိုပိုနှင့် ချော့မြှူခဲ့သည်လား။ ဘယ်အတွက်ကြောင့် အချစ်စိတ်တို့ယိုဖိတ် နေမဖြောင့်ထိုင်မဖြောင့် အချစ်ငြောင့်စူးခဲ့ရသနည်း။ ဘာကြောင့်များ ကြမ်းပြင်ပေါ်မှာ ကော့ဘတ်တ်ကို မွတ်သိပ်စွာ နမ်းနေမိခဲ့သနည်း။ သူ့နှလုံးသားသည် မြင်းစီးနေသည့်အလား ရမ္မက်



ဆန်ဆန် တိုးခုန်နေသည်မှာ ဇရမ်းဇတာနိုင်လှသည်။ သူ လုပ်ခဲ့မိသမျှ ပြန်တွေးရင်း စိတ်နှလုံးကို ယူကြုံးမရဖြစ်စေသည်။ ဘယ်တုန်းကမှ သည်လောက် ရှက်စိတ်မခံစားခဲ့ရဖူး။ မကောင်းမှုကျူးလွန်လိုက်သူတစ်ယောက်လို ခံစားရသည်။ တစ်ကိုယ်လုံး တုန်ယင်လာတော့သည်။ (အီဇာဘယ်လာ)

"မဟုတ်သေးဘူး၊ ကျေးဇူးပြုပြီး မင်းဘဝကို နောက်ကြောင်း ပြန်လှည့်မကြည့်ပါနဲ့လားကွယ်၊ ကြေကွဲစရာကောင်းတဲ့ အတိတ်ဆိုတာ လူတိုင်းမှာရှိတယ်... ရှေ့ကိုသာ ဆက်သွားပါကွယ်၊ ဟုတ်ပြီလား။ ဒါလင်.. ကိုယ် ပြောခဲ့ဖူးတာမှတ်မိလား၊ ဒီလိုခံစားချက်က ဘယ်တော့မှ ကိုယ်တို့ဘဝထဲက ထွက်မသွားနိုင်ဘူး... ဒီတော့ မေ့ဖျောက်ဖို့ဆိုတာ မလွယ်ဘူး၊ ဒါပေမဲ့ နာကျင်စရာတွေအစား ခံစားချက်အသစ်အတွက် လက်ထဲမှာထားပါ၊ ခံစားမှုအသစ်၊ ဒါကို လက်ခံပါ"

"မင်း ဘာတွေတွေးနေတာလဲဆိုတာ မပြောခင်.. ကိုယ် ဘာတွေသိထားလဲဆိုတာ အရင်ပြောပြမယ်၊ မင်းလိုပဲ ကိုယ်လည်း အများကြီး တွေးနေမိတယ်... မင်း ဘာတွေတွေးနေလဲဆိုတာ ကိုယ် သိတယ်၊ အဲဒီလို တွေးနေရတာကိုလည်း ကိုယ် ကြိုက်တယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း အံဩတယ်၊ အဲဒီတော့ ကိုယ် ဘာတွေတွေးနေလဲဆိုတာ မင်းကို ပြောပြချင်တယ်၊ ကိုယ်က သွက်ချာပါဒ အရူးမဟုတ်ဘူး။ မနေ့ညက ကိုယ်ရူးနေတယ်လို့ မင်း ထင်မလား။ မင်းသိပ်ပျော်နေသလို ကိုယ်လဲသိပ်ပျော်နေခဲ့တယ်၊ အဲဒီလိုအချိန်လေးက တစ်ခဏတာလေးပါလား၊ တကယ့်ကို ရိုမန်တစ်ညလေး။... ဟော... မနက်မှာ ညကအတွေးနှင့် ပြောင်းပြန် အလကားဖြစ်သွားပြီ။ ပြောင်းဆန်ကုန်ရော။ မင်း အဲဒီလိုဖြစ်နေတယ်လို့ ကိုယ်တွေးနေမိတယ်.... မင်းအမျိုးသား၊ မင်းနှင့် သူ့အကြောင်း၊ လက်ထပ်ခဲ့တဲ့အချိန်ကနေ မင်းအနားမှာ သူ မရှိတော့တဲ့အချိန်အထိ မင်း တွေးနေမယ်၊ နောက်ပြီး မင်းကိုယ်မင်း အပြစ်တင်မယ်၊ မင်းကိုယ်မင်း ယူကြုံးမရဖြစ်မယ်၊ အရှက်အကြောက်အပြင် ပတ်ဝန်းကျင်ကို မင်း လန့်နေမယ်၊ ဒါတွေကို မင်းတွေးနေတယ်ဆိုတာ ကိုယ် သိပ်သိတာပေါ့"

"မင်း ဘာကြောင့် အဲဒီလို ဖြစ်သွားလဲ ဆိုတာတောင် မင်းကိုယ်မင်း နားမလည်နိုင်လောက်အောင် ဖြစ်နေတယ်... ဘာလို့လဲဆိုရင် ကိုယ်ဘယ်သူလဲ ဆိုတာတောင် မင်း သေချာမသိလို့ပဲ... ကိုယ်ပြောပြပါရစေ အချစ်ရယ်... ဒါကသဘာဝပဲ... မင်းထင်တာ မင်းတွေးတာတွေက အမှန်တွေ။ အဲဒီတော့ ခုချိန်ကစပြီး ထွက်ပြေးဖို့ မကြိုးစားပါနဲ့၊ မင်း အထီးကျန်တယ်၊ အဖော်မဲ့နေတယ်၊ ဒါပေမဲ့ မင်းက ကျောက်ရုပ်မဟုတ်ဘူး၊ လူသား။ ဒီတော့ နောက်ထပ်ချစ်မိသွားမှာ မကြောက်ပါနဲ့၊ ဒါက မင်း အမှားလုပ်တာမဟုတ်ဘူး ...



ဘယ်သူက ကံကြမ္မာဆိုးနှင့် ရင်ဆိုင်ခဲ့ရတာလဲ၊ မင်း မဟုတ်ဘူး၊ မင်း ခင်ပွန်း၊ သူက လုပ်ကြံခံရတယ်၊ ... သူ မရှိတော့ဘူး... ဒါပေမဲ့ မင်းတို့ရဲ့ နှစ်ယောက်တစ်ဘဝကို မင်း ဘယ်တော့မှ မေ့မှာ မဟုတ်ဘူး... သူမရှိတော့တဲ့ မင်းရဲ့ခံစားမှုကို ဘယ်သူကမှ နားလည်ပေးမှာ မဟုတ်ဘူး၊ ဒါပေမဲ့ ခုချိန်မှာ မင်းဘေးမှာ ကိုယ်ရှိနေပြီ၊ ပူလောင်လွန်းလှတဲ့ သောကတွေကို ထုတ်ပစ်ပါ၊ မင်း ...ကြိုးစားပါ...ဒါမှမဟုတ် မင်းပြေးဦးမလား... ပြေးပါ... မင်းပုန်းနေဦးမလား ပုန်းပါ၊ ကိုယ် ဘာတတ်နိုင်မှာလဲ၊ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ကျန်ရှိနေတဲ့ မင်းဘဝမှာ မင်းက လက်ထပ်ပြီးသား မိန်းမတစ်ယောက်အဖြစ် မင်း ခံစားနေရမှာ.... မင်း ကိုယ့်ကို မလိုချင်ဘူး... ကိုယ်က မင်းနဲ့ မလိုက်ဖက်ဘူး... ဘာတွေ ဘယ်လို မင်းတွေးတွေး ခုချိန်မှာ ကိုယ် မင်းကို နားလည်ပေးရုံကလွဲပြီး ဘာမှ မတတ်နိုင်ဘူး၊ ကျေးဇူးပြုပြီး ခံစားချက်တွေထဲကနေ ထွက်မပြေးပါနဲ့ အီဇာဘယ်လာ၊ မင်း ကိုယ့်ဆီကို ပြန်မလာချင်ရင်လဲရတယ်၊ ဒါပေမဲ့ ခံစားချက်မဲ့သွားတဲ့သူလို နေသွားမှာ မလိုလားဘူး၊ မင်းဘဝမှာ နောက်ထပ် မချစ်နိုင်တော့မှာ ကိုယ် ကြောက်တယ်၊ စိတ်သစ်လူသစ်၊ အချစ်သစ်နဲ့ ဘဝကို ရှေ့ဆက်ပါ၊ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ " (ကော့ဘတ်တ်)

အချစ်သည်ကား ဘယ်သောအခါမှ မသေဆုံးတတ်။ အချစ်နှင့် ပတ်သက်ပြီး ချစ်ဖူးသူတိုင်း ဖတ်သင့်သည့် စာအုပ်ကလေးဖြစ်သည်။ မုဆိုးမ၊ တစ်ခုလပ်မိန်းမသားတို့၏ ကျားကုတ်ကျားခဲ ကြိုးစားရုန်းကန်မှုတို့သည် အားကျစရာကောင်းသည်။ ချစ်တတ်သည့် နှလုံးသားရှိသည့် ချစ်သူတိုင်း ဆက်၍.... ဆက်၍... ချစ်နိုင်ဦးမည်။ အချစ်သည် မက်မပြေ။ ထာဝရအချစ်အတွက် ဆက်၍... ဆက်၍... ချစ်ရပေဦးမည် မဟုတ်ပါလော။

ကျေးဇူးတင်ပါတယ်။

ဝါဝါတင့်ဆွေ